**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေး ဝန်ကြီးဌာန**

**( တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၃**

**၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်**

**(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်း များ ထိန်းချုပ်ရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ဆိုသည်။

(ခ) **တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှု** ဆိုသည်မှာ အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင် အသွင်သို့ ရောက်ရှိစေရန် တရားမဝင်သော နည်းလမ်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက် ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းပြုသည့် ပြစ်မှု တစ်ရပ်ရပ်ကို ဆိုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ကျူးလွန်သည့် ပြစ်မှု များ၊

(၂) အမျိုးသမီးများနှင့် ကလေးများကို ရောင်းဝယ်ဖောက်ကားမှုများနှင့် တရားမဝင် လူခိုးသွင်းမှုနှင့် ခိုးထုတ်မှုများ၊

(၃) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ ငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်မှုများ၊

(၄) ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများ ခိုးယူမှုနှင့် ခိုးထုတ်မှုများ၊

(၅) လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများ၊

(၆) ငွေကြေးအတုပြုလုပ်မှု၊ သုံးစွဲမှုနှင့် လက်ဝယ်ထားမှုများ၊

(၇) လေယာဉ်၊ ရေယာဉ် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို အပိုင်စီးမှုများ၊

(၈) အီလက်ထရောနစ် နည်းပညာဖြင့် ကျူးလွန်သည့် ပြစ်မှုများ၊

(၉) အကြမ်းဖက်၍ ကျူးလွန်သည့် ပြစ်မှုများ၊

(၁၀) အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ၊

(၁၁) အထက်ပါ နည်းဥပဒေခွဲငယ် (၁) မှ (၁၀) အထိ ဖော်ပြထားသော ပြစ်မှုများကို နိုင်ငံဖြတ် ကျော်၍ ကျူးလွန်သည့် ပြစ်မှုများ။

(ဂ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဗဟိုထိန်းချုပ်ရေးအဖွဲ့က ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေ ၁၄ တို့အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ပဏာမစိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဗဟိုထိန်းချုပ်ရေးအဖွဲ့က ဥပဒေပုဒ်မ ၁၃ နှင့် နည်းဥပဒေ ၂၆ တို့အရ ဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဆိုသည်။

(င) **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit)** ဆိုသည်မှာ ဗဟို ထိန်းချုပ်ရေးအဖွဲ့က နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေ ၅တို့အရ ဖွဲ့စည်းတာဝန်ပေးအပ် ထားသော အဖွဲ့ကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(ဆ) **သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ** ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်းခံရသူ မဟုတ်ဘဲ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း အဆိုပြုသော အခြားပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

## အခန်း(၂)
## ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ သတင်း အချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ စစ်ဆေးစီရင်ရေးတို့နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်နိုင်သည်။

(ခ) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ပိုင်ဆိုင်သူ သို့မဟုတ် လက်ဝယ်ရှိသူက ယင်းငွေကြေးနှင့် ပစ္စည်းများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း

မပြုနိုင်ရန်လည်းကောင်း၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အခြားစီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်ရန် လည်းကောင်း၊ တရားဝင်ငွေကြေး သို့မဟုတ် ပစ္စည်းအဖြစ် သုံးစွဲခြင်း မပြုနိုင်ရန်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် ကျွမ်းကျင်မှု နည်းပညာများ တိုးပွားစေရန် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိ သူများအားလည်းကောင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့ဝင်များအားလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလည်းကောင်း လိုအပ်သော သင်တန်းများပေးရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးနှင့်ပြည်တွင်းပြည်ပ ဗဟုသုတ ဖလှယ်ရေးတို့အတွက် စီစဉ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းပြုရမည်။

ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) တို့အရ တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုများအဖြစ် အရေးယူနိုင်မည့် ငွေကြေးနှင့် ပစ္စည်းများ၏ တန်ဖိုးပမာဏကို သတ်မှတ်ရမည်။ ယင်းသတ်မှတ်ချက်ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၁ တို့အရ ဗဟို ထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပေးပို့ရမည့် ငွေကြေးနှင့်ပစ္စည်းများ၏ တန်ဖိုးပမာဏကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။ ယင်းသတ်မှတ်ချက်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်သည့် ငွေကြေးနှင့်ပစ္စည်းများ၏ တန်ဖိုးပမာဏကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ လျှို့ဝှက်အဆင့်သတ်မှတ်၍ အကြောင်းကြားရမည်။

(ဃ) မိမိ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ ထိုရုံးအဖွဲ့ဝင်များအနက်မှ သင့်လျော်သော ကျွမ်းကျင်သူအဖွဲ့ဝင်များဖြင့် တရား မဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်သည့် ပြစ်မှုများကို စုံစမ်းထောက်လှမ်းရေး အတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(င) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်သည့် ပြစ်မှုကျူးလွန်ကြောင်း သတင်းအချက်အလက် ရရှိပါက လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဥပဒေနှင့် အညီ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမည်။

(စ) နည်းဥပဒေခွဲ (င) အရ တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့အား တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်နှင့် သိမ်းဆည်းခွင့်ပြုသည့် အမိန့်ကို **ပုံစံ (၁)** ဖြင့် ထုတ်ပေးရမည်။

(ဆ) သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အပ်နှံထားသည့် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုရန်နှင့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးကြည့်ရှုခွင့်၊ လိုအပ်ပါကမိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုရန် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (စ) အရ အမိန့်ထုတ်ဆင့်နိုင်သည်။

(ဇ) သက်သေခံပစ္စည်းအဖြစ် ပုံစံ (၂) ဖြင့် ယာယီ သိမ်းဆည်းထားသော ပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် အမိန့်ချမှတ်ပါက ပုံစံ (၄) ဖြင့် ကတိခံဝန်ချုပ်ကို ချုပ်ဆိုစေရမည်။ ကတိခံဝန်ချုပ်ကို ဖောက်ဖျက်ပါက အဆိုပါ ကတိခံဝန်ချုပ်ဖြင့် ပစ္စည်းများ ပြန်လည်ပေးအပ်ထားသည့် အမိန့်ကို ရုပ်သိမ်းနိုင်သည်။

(ဈ) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ဤနည်းဥပဒေများအရ စုံစမ်း စစ်ဆေးနေသည့် ကာလအတွင်း ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်း မပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) အရ တားမြစ်မိန့်ကို **ပုံစံ (၃)** ဖြင့် ထုတ်ဆင့်နိုင်သည်။ ထို့ပြင် လိုအပ်ပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ချိပ်ပိတ်ထားရန် ညွှန်ကြားနိုင်သည်။

(ည) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ-

(၁) သက်သေခံ အထောက်အထားများကို ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်ပါက စုံစမ်းစစ်ဆေးပြီး တင် ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားနိုင်သည်။

(၂) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုကျူးလွန်ဖွယ်ရှိ ကြောင်း အထောက်အထားများ တွေ့ရှိလျှင် ယင်းကိစ္စကို စစ်ဆေးကြားနာ၍ သဘောထားမှတ်ချက် တင်ပြနိုင်ရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(၃) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုကျူးလွန်ခြင်းမရှိ ကြောင်း အထင်အရှားတွေ့ရှိလျှင် စုံစမ်းစစ်ဆေးသည့် အမှုကို ပိတ်သိမ်းရမည်။ ထို့ပြင် ယာယီသိမ်း ဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်း ခံရသူအား **ပုံစံ (၇)** ဖြင့် ပြန်လည်ပေးအပ်ရမည်။

(၄) ဥပဒေပုဒ်မ ၂၂ သို့မဟုတ် ၂၃ အရ ပြစ်မှုကျူးလွန်သူအား အရေးယူရန် လိုအပ်လျှင် သက်ဆိုင်ရာ ရဲ တပ်ဖွဲ့စခန်း၌ တိုင်ချက်ဖွင့်ရန်နှင့် ဆက်လက်ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားရမည်။

(ဋ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့တို့၏ တင်ပြချက်အရ ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ကိုဖြစ်စေ၊ သိမ်းဆည်းခြင်းမပြုသည့် အမိန့်ကို ဖြစ်စေ ချမှတ်နိုင်သည်။ အကယ်၍ ဥပဒေပုဒ်မ ၂၂ သို့မဟုတ် ၂၃ အရ ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ပေးထားလျှင်ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက် ပေးရန်ရှိလျှင်ဖြစ်စေ သက်သေခံအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်းမပြုသေးဘဲ ဆိုင်းငံ့ထားပြီး သက်ဆိုင်ရာ တရားရုံး၏ နောက်ဆုံး အတည်ဖြစ်သည့် အမိန့်၊ စီရင်ချက်နှင့်အညီ လိုအပ်သည့် အမိန့် ချမှတ်ရမည်။

(ဌ) စုံစမ်းစစ်ဆေးခြင်းခံရသူက တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ စုံစမ်းရှာဖွေမတွေ့နိုင်ကြောင်း၊ ကွယ်လွန်ကြောင်း သို့မဟုတ် ပြည်ပသို့ အပြီးအပိုင် ထွက်ခွာသွားကြောင်း အထင်အရှား ပေါ်ပေါက်ပါက တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်သည့် ပြစ်မှုနှင့် သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့တို့၏ တင်ပြချက်အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်နိုင်သည်။

(ဍ) သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်မချမှတ်မီဖြစ်စေ၊ ချမှတ်ပြီး နောက်တွင်ဖြစ်စေ စုံစမ်းစစ်ဆေးခြင်းခံရသူက ပဏာမစိစစ်ရေးအဖွဲ့ စစ်ဆေးကြားနာပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ယခင်စုံစမ်းစစ်ဆေးကြားနာစဉ် ၎င်းအနေဖြင့် မည်သို့မျှ တင်ပြနိုင်ခဲ့ခြင်းမရှိသော သက်သေ သို့မဟုတ် စာတမ်းအမှတ်အသားနှင့် အထောက်အထားများကိုတင်ပြ၍ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံစုံစမ်း စစ်ဆေးစေရန် သို့မဟုတ် ပဏာမ စိစစ်ရေးအဖွဲ့အား ထပ်မံ၍ စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။

## အခန်း (၃)

## ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၅။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဃ) အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ရုံးအဖွဲ့၌ ပါဝင်သော သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သည့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

၆။ ငွေကြေးဆိုင်ရာ စုံစမ်းထောက် လှမ်းရေးအဖွဲ့သည် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ရေးဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်ခြင်း၊

(ခ) ဤနည်းဥပဒေများအရ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများက ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းပြီး သတင်းပေးပို့ရမည့် ကိစ္စများကို ပေးပို့ခြင်းမရှိလျှင်သော် လည်းကောင်း၊ သာမန်ထက် ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော သတင်းအချက်အလက်များ ရရှိလျှင်သော်လည်းကောင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် မဟုတ်ဘဲ တရားမဝင်သော နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ရရှိပါက ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းသည့် စာချုပ်စာတမ်းများ မှတ်ပုံတင် ကိစ္စဆောင် ရွက်ခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းပြီး ဥပဒေပုဒ်မ ၂၀ အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှင့်  ယင်းလက်အောက်ရှိ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာန၊ စာချုပ်စာတမ်းမှတ်ပုံ တင်ရုံးများမှ တာဝန်ရှိသူများက သတင်းပေးပို့ရမည့်ကိစ္စများကို ပေးပို့ခြင်းမရှိလျှင်သော်လည်းကောင်း၊ သာမန်ထက် ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော သတင်းအချက် အလက်များရရှိလျှင် သော်လည်းကောင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(င) မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ သို့မဟုတ် ပြည်ပသို့ထွက်ခွာမည့်သူ တစ်ဦးဦးက ပြည်တွင်းသို့ ယူဆောင်လာသော သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားသော ငွေကြေးများနှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သတင်းပေးပို့ရ မည့် ကိစ္စများကိုပေးပို့ခြင်းမရှိလျှင်သော်လည်းကောင်း၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော သတင်းအချက်အလက်များ ရရှိလျှင်သော်လည်းကောင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့ သို့ အစီရင်ခံတင်ပြခြင်း၊

(စ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ အား လိုအပ်သော ကျွမ်းကျင်မှု နည်းပညာများ တိုးပွားစေရန်အတွက် အထောက်အကူပြုသင်တန်းများ ပေးနိုင်ရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

## အခန်း (၄)
## သတင်းပို့ရန် တာဝန်များ

၇။ ဤနည်းဥပဒေများအလို့ငှာ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) ဘဏ်လျှို့ဝှက်ချက်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ငွေကြေးသွင်း ခြင်း၊ ထုတ်ခြင်း၊ လွှဲပြောင်းခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအချက်တစ်ရပ်ရပ်တွေ့ရှိပါက ငွေကြေး အသွင်းအထုတ် ပြုလုပ်သူနှင့် လွှဲပြောင်းသူတို့၏ ငွေစာရင်းကို လျှို့ဝှက်အဆင့် သတ်မှတ်၍ နှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ ဗဟိုထိန်းချုပ်ရေးအဖွဲ့က ညွှန်ကြားချက်ဖြင့် သီးခြားသတ်မှတ်ပေးသည့် ပုံစံဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပေးပို့ပြီး မိတ္တူကို ဗဟိုဘဏ်သို့ ပေးပို့ရမည်-

(၁) ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ငွေကြေးတန်ဖိုး ပမာဏထက် ကျော်လွန်ခြင်း၊

(၂) ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ငွေကြေးတန်ဖိုး ပမာဏထက် ကျော်လွန်ခြင်းမရှိသော်လည်း သာမန်ထက် ပိုမိုထူးခြားခြင်း သို့မဟုတ် သံသယဖြစ်ဖွယ်ရှိခြင်း။

(ခ) နည်းဥပဒေခွဲ (က) အရ သတင်းပေးပို့သော်လည်း ဗဟိုထိန်းချုပ်ရေးအဖွဲ့က အမိန့်ထုတ်ဆင့်၍ တားမြစ်ခြင်းမရှိလျှင် ငွေသွင်း၊ ငွေထုတ်ပြုလုပ်ခြင်းနှင့် ငွေကြေးလွှဲပြောင်းခြင်းတို့ကို ဘဏ်နှင့်ငွေရေး ကြေးရေးအဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

၈။ ဗဟိုဘဏ်သည် နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ မိတ္တူပေးပို့လာသည့် သတင်းအချက်အလက် များအနက် သံသယဖြစ်ဖွယ်ရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ လိုအပ်သော သတင်းအချက်အလက်များ တောင်းခံ၍ စိစစ်ပြီး စုံစမ်းထောက်လှမ်း ဖော်ထုတ်ရန် လိုအပ်သည့် ကိစ္စများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၉။ ဤနည်းဥပဒေများ အလို့ငှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ယင်းလက်အောက်ရှိ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးဌာန၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများမှ တာဝန်ရှိသူများသည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ လဲလှယ်ခြင်းတို့နှင့် စပ်လျဉ်း၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း ကိစ္စဆောင်ရွက်ရာတွင် အောက်ပါ အချက်တစ်ရပ်ရပ်တွေ့ရှိပါက ထိုသို့လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူတို့၏ အမည်နှင့်တကွ ပစ္စည်းတန်ဖိုးတို့ကို လျှို့ဝှက်အဆင့် သတ်မှတ်၍ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ **ပုံစံ (၅)** ဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ပြီး မိတ္တူကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်

(၁) စာချုပ်စာတမ်းတွင် ဖော်ပြသော ပစ္စည်း၏ တန်ဖိုးသည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ပစ္စည်းတန်ဖိုး ပမာဏထက် ကျော်လွန်ခြင်း၊

(၂) စာချုပ်စာတမ်းတွင် ဖော်ပြသော ပစ္စည်း၏ တန်ဖိုးသည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ပစ္စည်းတန်ဖိုး ပမာဏထက် ကျော်လွန်ခြင်းမရှိသော်လည်း ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ပစ္စည်း တန်ဖိုးမှာ ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ပစ္စည်းတန်ဖိုးပမာဏထက် ကျော်လွန်ခြင်း၊

(၃) သာမန်ထက် ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း လွှဲပြောင်းခြင်း။

(ခ) နည်းဥပဒေခွဲ (က) အရ သတင်းပေးပို့သော်လည်း ဗဟိုထိန်းချုပ်ရေးအဖွဲ့က အမိန့်ထုတ်ဆင့်၍ တားမြစ်ခြင်း မရှိလျှင် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းကို စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၀။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) အရ မိတ္တူပေးပို့လာ သည့် သတင်းအချက်အလက်များအနက် သံသယဖြစ်ဖွယ်ရှိသော ကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် မြေစာရင်းဦးစီးဌာန၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများထံမှ လိုအပ်သော သတင်းအချက်အလက်များ တောင်းခံ၍စိစစ်ပြီး စုံစမ်းထောက်လှမ်း ဖော်ထုတ်ရန် လိုအပ်သည့် ကိစ္စရပ်များကို ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၁။ နည်းဥပဒေ ၇ နှင့် ၉ တို့အရ တာဝန်ရှိသူများသည် သတင်းပေးပို့ရမည့် ကိစ္စရပ်များအနက် တရား မဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိသည့် အပြင် တည်ဆဲဥပဒေ

တစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်း ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ အမွေဆက်ခံ ခွင့်နှင့် အညီ ငွေသွင်းခြင်း၊ ထုတ်ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ပစ္စည်းလွှဲပြောင်းခြင်းဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်သည့်ကိစ္စအတွက် သတင်းပေးပို့ရန် တာဝန်မရှိစေရ။

၁၂။ ဤနည်းဥပဒေများအလို့ငှာ တာဝန်ပေးအပ်ခြင်းခံရသော အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူသည် ပုဂ္ဂိုလ် တစ်ဦးဦးက ဆိပ်ကမ်း၊ လေဆိပ် သို့မဟုတ် နယ်စပ် ဒေသတစ်ခုခုမှဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ငွေပို့စနစ်ဖြင့်ဖြစ်စေ နိုင်ငံခြားသုံးငွေကို ပြည်တွင်းသို့ ယူဆောင်ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ သယ်ယူခြင်း၊ ပေးပို့ခြင်းပြုရာတွင် ဗဟိုထိန်းချုပ် ရေးအဖွဲ့က သတ်မှတ်သည့် ငွေကြေးတန်ဖိုး ပမာဏထက် ကျော်လွန်ပါက လျှို့ဝှက်အဆင့်သတ်မှတ်၍ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ **ပုံစံ (၆)** ဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ပြီး မိတ္တူကို မိမိ၏ဌာန ဆိုင်ရာ အကြီးအကဲထံသို့ ပေးပို့ရမည်။

၁၃။ ဌာနဆိုင်ရာ အကြီးအကဲသည် နည်းဥပဒေ ၁၂ အရ မိတ္တူပေးပို့လာသည့် သတင်းအချက်အလက် များအနက် သံသယဖြစ်ဖွယ်ရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းထံမှ လိုအပ်သော သတင်းအချက်အလက်များ တောင်းခံ၍ စိစစ်ပြီး စုံစမ်းထောက်လှမ်း ဖော်ထုတ်ရန် လိုအပ်သည့် ကိစ္စများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၄။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ရရှိပါက စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး တင်ပြနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်သော ပုဂ္ဂိုလ်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ် ၃ ဦးထက်မနည်း ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို ပုံသေထားရှိခြင်းမပြုဘဲ ကိစ္စရပ်အလိုက်ဖြစ်စေ၊ အချိန်ကာလ သတ်မှတ်၍ဖြစ်စေ ပြောင်းလဲဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုမိန့်ရရှိမှသာ စတင်စုံစမ်း စစ်ဆေးဖော်ထုတ်ခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံ ပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၁၅ အရ ဆောင်ရွက်ရာတွင် တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့် စပ်လျဉ်း၍-

(က) အမှုတွဲ ဖွင့်လှစ်ပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်။

(ခ) စုံစမ်းစစ်ဆေးရာတွင် စုံစမ်းစစ်ဆေးခြင်း ခံရသူအား ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုမိန့်ကို ပြသ၍ မည်သည့် ကိစ္စအတွက် စုံစမ်းစစ်ဆေးခြင်းဖြစ်ကြောင်း ဦးစွာရှင်းပြရမည်။

(ဂ) စုံစမ်းစစ်ဆေးခြင်း ခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ် တစ်ဦးဦးထံမှဖြစ်စေ၊ သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်းပြုနိုင်သည်။

(ဃ) စုံစမ်းစစ်ဆေးခြင်း ခံရသူကိုဖြစ်စေ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်များကိုဖြစ်စေ ဆင့်ဆို၍ စစ်ဆေးချက်များ ရယူနိုင်သည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၁၅ အရ ဆောင်ရွက်ရာတွင် တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့် စပ်လျဉ်း၍-

(က) စုံစမ်းစစ်ဆေးခြင်း ခံရသူ၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးခွင့်နှင့် ရှာဖွေခွင့်ရှိသည်။

(ခ) စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းရန် လိုအပ်ပါက ချိပ်ပိတ်၍ ယာယီသိမ်းဆည်းရမည်။ ယင်းပစ္စည်းများကို ဗဟိုထိန်းချုပ်ရေး အဖွဲ့က သတ်မှတ်သည့် ဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

(ဂ) မော်တော်ယာဉ်၊ ရေယာဉ်၊ စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်၊ အနေးယာဉ် အစရှိသည့် ယာဉ်အမျိုးမျိုး၊ စက်အမျိုးမျိုး၊ ယင်းတို့နှင့် သက်ဆိုင်သော ပစ္စည်းများ၊ စာရွက်စာတမ်းများကို ယာယီသိမ်းဆည်း ရမည်။ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ယာယီသိမ်းဆည်းထားသော ပစ္စည်းကို ကတိခံဝန်ချုပ် ဖြင့် ပြန်လည်အပ်နှံထားရန် ဗဟိုထိန်းချုပ်ရေး အဖွဲ့က ခွင့်ပြုလျှင် လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ကို **ပုံစံ (၄)** ဖြင့် ချုပ်ဆို၍ ယင်းပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရ မည်။

(ဃ) ဆင်၊ မြင်း၊ ကျွဲ နွား စသည့် တိရစ္ဆာန်များကို သိမ်းဆည်းရန် လိုအပ်ပါက ယာယီသိမ်းဆည်းရ မည်။ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို **ပုံစံ (၄)** ဖြင့် ချုပ်ဆို၍ ထိုတိရစ္ဆာန်များကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(င) အိမ်ထောင်ပရိဘောဂများ၊ တူရိယာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများစသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သိမ်းဆည်းရန်လိုအပ်ပါ က ယာယီသိမ်းဆည်းပြီး စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ကို **ပုံစံ (၄)** ဖြင့် ချုပ်ဆို၍ ထိုပစ္စည်းများကို သိမ်းဆည်းခြင်း ခံရသူအား ပြန်လည်အပ်နှံထားရမည်။

(စ) နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အရ ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံမည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ တားမြစ်မိန့် **ပုံစံ (၃)** ရရှိပြီးမှသာ ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရမည်။

(ဆ) နည်းဥပဒေခွဲ (က) မှ (င) ထိတွင် ဖော်ပြထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ငွေကြေးနှင့်ပစ္စည်းများကို ယာယီသိမ်းဆည်းခြင်းပြုရာ၌ ရှာဖွေသက်သေ ၂ ဦး၏ရှေ့တွင် ယာယီပစ္စည်းသိမ်းဆည်းခြင်း ပုံစံ (၂) ဖြင့် ၃ စောင် ပြုလုပ်၍ သိမ်းဆည်းရမည်။ ထိုပုံစံတွင်

စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ ရှာဖွေသက်သေများနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင်တို့က လက်မှတ်ရေးထိုးရမည်။ ယာယီပစ္စည်းသိမ်းဆည်းခြင်း ပုံစံ (၂) ၁ စောင်ကို စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပေးရမည်။

၁၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေခံအဖြစ် ယာယီသိမ်းဆည်းထားသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုစုံစမ်း စစ်ဆေးနေသည့် ကာလအတွင်း အောက်ပါအမိန့်နှင့် ညွှန်ကြားချက် တစ်ရပ်ရပ်ချမှတ်ပေးရန် အကြောင်းပေါ်ပေါက်လာလျှင် သဘောထားမှတ်ချက်ဖြင့် ဗဟိုထိန်းချုပ်ရေး အဖွဲ့သို့ တင်ပြရမည်-

(က) ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် စုံစမ်း စစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့် အမိန့်၊

(ခ) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းမပြုရန် တားမြစ်သည့် အမိန့်၊

(ဂ) မြေနှင့် အဆောက်အအုံအား ချိပ်ပိတ်ရန် ညွှန်ကြားချက်။

၁၉။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၁၈အရ တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုသည့် ပစ္စည်းသည် လက်နက်ခဲယမ်းများ၊ မူးယစ် ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် တည်ဆဲ ဥပဒေ တစ်ရပ်ရပ်က ခွင့်မပြုသော အခြားပစ္စည်းများဖြစ်လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ စနစ်တကျ လွှဲအပ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားရမည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဗဟို ထိန်းချုပ်ရေးအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြရမည်။ ထိုအစီရင်ခံစာတွင် တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုအပ်သလို ထည့်သွင်း ဖော်ပြရမည်-

(က) ကျူးလွန်သော ပြစ်မှုအမျိုးအစားနှင့် အမှုဖြစ်စဉ် အကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပြည်တွင်းပြည်ပရှိ ငွေကြေးနှင့်ပစ္စည်းများကို စတင်ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် အကျိုးခံစားခဲ့သည့် နေ့ရက်၊

(ဃ) ငွေကြေးသွင်းခြင်း၊ ထုတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပုံနှင့် ထိုသို့ပြုလုပ်သည့် နေ့ရက်၊

(င) ပစ္စည်းအမျိုးအစား၊ ယင်းပစ္စည်းကို ရယူပိုင်ဆိုင်ခဲ့သည့် နည်းလမ်းနှင့် ပိုင်ဆိုင်သည့်၊ လွှဲပြောင်း သည့် နေ့ရက်၊

(စ) ပစ္စည်းများ၏ ခန့်မှန်းခြေကာလ တန်ဖိုးနှင့် တည်ရှိရာနေရာနှင့် စုံစမ်းစစ်ဆေးသည့် အချိန်တွင် ထိုပစ္စည်းများ မရှိပါက မရှိရသည့် အကြောင်း၊

(ဆ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပစ္စည်းနှင့် ထိန်းချုပ်မှုအောက်တွင် မရှိသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ အမည်ခံ လွှဲပြောင်းထားသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ လွှဲပြောင်းထားသည့် ပစ္စည်းအမျိုးအစား၊ အခြားသူပိုင်ပစ္စည်းနှင့် ရောထွေးနေပြီး သီးခြားခွဲထုတ်ရန် လွယ်ကူသော ပစ္စည်းအမျိုးအစားနှင့် လွယ်ကူခြင်း မရှိသော ပစ္စည်းအမျိုးအစားများအပြင် ပစ္စည်းတစ်ခုချင်းအလိုက် ကာလတန်ဖိုး၊

(ဇ) စုံစမ်းစစ်ဆေးခြင်း ခံရသူ၏ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်း၊

(ဈ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ တင်ပြချက်၊

(ည) ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်သည့်အမိန့်နှင့် ညွှန်ကြားချက်များအရ မိမိ၏ ဆောင်ရွက်ချက် အကျဉ်း၊

(ဋ) သက်သေခံ စာတမ်းအမှတ်အသားများနှင့် သက်သေများ၏ စာရင်း၊

(ဌ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်။

## အခန်း (၆)

## ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့်သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်း

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်းဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့ အစည်းများတွင် ထိန်းသိမ်းထားရှိသည့် တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုရေး အတွက် တားမြစ်သည့်အမိန့် ထုတ်ဆင့်နိုင်ရေးအတွက်လည်းကောင်း၊ ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ လိုအပ်ပါက မိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ရရှိရေးအတွက်လည်းကောင်း အောက်ပါအချက်အလက်များကိုဖော်ပြပြီး ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ လျှို့ဝှက်တင်ပြရမည်-

(က) စုံစမ်းဖော်ထုတ်ချက်အရ သိရှိသော ကျူးလွန်သည့် ပြစ်မှုအကျဉ်းချုပ်၊

(ခ) ပြစ်မှု ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိချက်၊

(ဂ) ဆောင်ရွက်လိုသည့် ကိစ္စနှင့် ဆောင်ရွက်မည့် အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့် ကိစ္စနှင့် သက်ဆိုင်သောဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း၏ အမည် နှင့်လိပ်စာ။

၂၂။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ နည်းဥပဒေ ၂၁ အရ တင်ပြချက်ကို စိစစ်ပြီး စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ငွေကြေးနှင့် ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုရန် တားမြစ်သည့်အမိန့်၊

(၂) ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုသည့် အမိန့်၊ မိတ္တူကူးယူခွင့်ပြုသည့် အမိန့်၊

(၃) ငွေရေးကြေးရေးမှတ်တမ်းများ၊ ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုသည့် အမိန့်။

(ခ) နည်းဥပဒေခွဲ (က) ပါ အမိန့် တစ်ရပ်ရပ် ချမှတ်သည့်အခါ သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူအား ထိုအမိန့် ထုတ်ဆင့်ပြီး အမိန့်မိတ္တူကို ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း၏ အကြီးအကဲထံသို့ ပေးပို့ရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်သော အမိန့်နှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်း များကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခြင်း၊ စုံစမ်း စစ်ဆေးခြင်းခံရသူက အပ်နှံသော၊ ပေးသွင်းသော သို့မဟုတ် လွှဲပြောင်းသော ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခြင်းတို့ကို နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ဆ) နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ လက်ဝတ် လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့က သတ်မှတ်သည့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့် စနစ်ဖြင့် အပ်နှံထားရမည်။

## အခန်း (၇)

## သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ တားမြစ်သည့် အမိန့်ချမှတ်ခြင်းနှင့် ချိပ်ပိတ်ရန် ညွှန်ကြားခြင်းများအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ

၂၄။ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်း များကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်း မပြုလုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဗဟိုထိန်းချုပ်ရေးအဖွဲ့က တားမြစ်သည့် အမိန့်ထုတ်ဆင့်သည့်အခါ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား ချိပ်ပိတ်ရန် ညွှန်ကြားသည့်အခါ စုံစမ်းစစ်ဆေးရေး အဖွဲ့သည်-

(က) တားမြစ်သည့်အမိန့် ထုတ်ဆင့်ထားသော သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသော ပစ္စည်းတည်ရှိသည့် နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာတွင် ကပ်ထားရမည့်အပြင် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင်လည်း ကပ်ထားရမည်။

(ခ) ချိတ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်း ခံရသူက သို့မဟုတ် ပစ္စည်းတွင် အကျိုးသက်ဆိုင်သူက ခိုင်လုံသော အထောက်အထားတင်ပြ၍ လျှောက်ထားလာလျှင် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏

အမိန့်အရ လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ကို **ပုံစံ (၄)** ဖြင့် ချုပ်ဆို စေပြီး ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်။

(ဂ) ချိပ်ပိတ်ထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်း မပြုပါက ထိုပစ္စည်းတွင် နေထိုင်သူများအား ဖယ်ရှားပြီး သော့ခတ်၍ ချိတ်ပိတ်သိမ်းဆည်းထားရမည်။

(ဃ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လုံခြုံစွာ ထိန်းသိမ်းထားရန် သက်ဆိုင်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူးအား တာဝန်ပေးအပ်ရမည်။

၂၅။ စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းခံရသူသည် ဗဟို ထိန်းချုပ်ရေးအဖွဲ့က တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသည့် သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသည့် ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သူတစ်ပါးအား နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း မပြုရ။

## အခန်း (၈)
## ပဏာမ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၆။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ပုဂ္ဂိုလ် တစ်ဦးဦးက ကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ ပေါ်ပေါက်လျှင် သက်သေခံပစ္စည်း အဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့် မသင့် စိစစ်တင်ပြနိုင်ရေးအတွက် ပဏာမ စိစစ်ရေးအဖွဲ့ကို သင့်လျော်သော အဖွဲ့ဝင်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့တွင် ဒုတိယဝန်ကြီး တစ်ဦးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

၂၇။ ပဏာမ စိစစ်ရေးအဖွဲ့သည်-

(က) ဗဟိုထိန်းချုပ်ရေးအဖွဲ့က တာဝန်ပေးအပ်သည့်အခါ ပဏာမ စိစစ်ရေးအမှုတွဲ ဖွင့်လှစ်၍ ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး စုံးစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့ထံ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ရက်ပေါင်း ၃၀ အတွင်းလာရောက် ခုခံချေပဖြေရှင်းရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားသော်လည်း လာရောက်ခုခံချေပခြင်းမရှိပါက စုံစမ်း စစ်ဆေးရေးအဖွဲ့ကစစ်ဆေးသောသက်သေများနှင့် အခြားလိုအပ်သော သက်သေများကိုဆင့်ခေါ်၍ စစ်ဆေးကြားနာပြီး သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့် မသင့် သဘောထား မှတ်ချက်ဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၂၈။ ပဏာမ စိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားခြင်း ခံရသူက သတ်မှတ်သည့် ကာလအတွင်း လာရောက်ဖြေရှင်းသည့်အခါ-

(က) သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသောငွေကြေးနှင့် ပစ္စည်းများကို မည်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့အား ခုခံချေပ ဖြေရှင်းရန် ရှင်းလင်းပြော ကြားရမည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့က တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုတစ်ရပ် ရပ်ကို ကျူးလွန်ကြောင်း ဝန်ခံလျှင် သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် ဗဟိုထိန်းချုပ်ရေး အဖွဲ့သို့ တင်ပြရမည်။

၂၉။ ပဏာမစိစစ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံ ပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့က တရားမဝင်သောငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုလျှင်-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးသော သက်သေများကို ဦးစွာစစ်ဆေးကြားနာရမည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့ကို စစ်ဆေးကြားနာပြီး ယင်းတို့တင်ပြသည့် စာရွက်စာတမ်းအထောက်အထားများကို စိစစ်၍ သက်သေခံအဖြစ် လက်ခံခြင်း သို့မဟုတ် သက်သေခံအဖြစ် လက်ခံရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့က တင်ပြသော သက်သေများကို စစ်ဆေးကြားနာရမည်။

(ဃ) လိုအပ်ပါက စစ်ဆေးချက်အရ ပေါ်ပေါက်သော ပုဂ္ဂိုလ်များကို သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း၊ စစ်ဆေးပြီးသော သက်သေများကို ထပ်မံစစ်ဆေးခြင်းပြုနိုင်သည်။

(င) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့၏ ခုခံချေပချက် အရ ဖြစ်စေ သက်သေခံအထောက်အထားတစ်ရပ်ကို ထပ်မံစစ်ဆေးရယူရန်လိုအပ်ကြောင်း တွေ့ရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံ၍ စုံစမ်းစစ်ဆေးတင်ပြစေရန် ညွှန်ကြားရမည်။

(စ) စစ်ဆေးချက်များကိုဖတ်ပြပြီး စစ်ဆေးချက်စာမျက်နှာတိုင်းတွင် စစ်ဆေးခြင်းခံရသူအား လက်မှတ် ရေးထိုးစေ၍ စစ်ဆေးသော ပဏာမစိစစ်ရေးအဖွဲ့ဝင်များကလည်း လက်မှတ်ရေးထိုးရမည်။

(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူနှင့် နှစ်ဖက်သက်သေများ၏ အစစ်ခံချက်များ၊ သက်သေခံစာရွက်စာတမ်းအထောက်အထားများကို စိစစ်သုံးသပ်ပြီး သက်သေခံ ပစ္စည်းအဖြစ်

ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၃၀။ ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (ဆ) အရ တင်ပြချက်အပေါ် ထပ်မံစစ် ဆေးကြားနာပြီး ပြန်လည်တင်ပြရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ညွှန်ကြားလာသည့်အခါ လိုအပ်သော သက်သေများကို ထပ်မံစစ်ဆေးခြင်း၊ သက်သေခံချက်များကို ထပ်မံရယူခြင်းပြုလုပ်ပြီး သဘောထား မှတ်ချက်ဖြင့် ပြန်လည်တင်ပြရမည်။

၃၁။ ပဏာမစိစစ်ရေးအဖွဲ့သည် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုး သက်ဆိုင်သူက သက်သေခံအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို သဘောရိုး ဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း လျှောက်ထားချက်အပေါ် စိစစ် ပြီးစစ်ဆေးတင်ပြရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ညွှန်ကြားလာလျှင် နည်းဥပဒေ ၂၈ နှင့် ၂၉ တို့နှင့်အညီ လိုအပ်သော စစ်ဆေးချက်များနှင့် သက်သေခံချက်များရယူပြီး ထိုသူတောင်းဆိုသည့် အခွင့်အရေးကို ပေးရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၉)

## ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၃၂။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ -

(က) သက်သေစစ်ဆေးချက်များနှင့် သက်သေခံအထောက်ထားများ ထပ်မံရယူရန် လိုအပ်ပါက ထပ်မံ ရယူတင်ပြစေရန် ပဏာမစိစစ်ရေးအဖွဲ့အား ညွှန်ကြားနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြချက်များအရ တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုတစ်ရပ် ရပ်ကို ကျူးလွန်ကြောင်းတွေ့ရှိလျှင် သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။ ထိုပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမရှိကြောင်းတွေ့ရှိလျှင် သက်သေခံအဖြစ် ယာယီသိမ်းဆည်းထားသောငွေကြေးနှင့် ပစ္စည်းများကို မူလသိမ်းဆည်းခြင်း ခံရသူသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၂၂ သို့မဟုတ် ၂၃ အရ ပြစ်မှုကျူးလွန်သူ အားတရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက် ပေးထားလျှင်ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက်ပေးရန်ရှိလျှင်ဖြစ်စေ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ထားပြီး သက်ဆိုင်ရာတရားရုံး၏ နောက်ဆုံး အတည်ဖြစ်သည့် အမိန့်၊ စီရင်ချက်နှင့်အညီ လိုအပ်သည့် အမိန့်ချမှတ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ ချမှတ်သည့်အမိန့်ကို စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူထံသို့ အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးပို့ရမည်။

၃၃။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမ စိစစ်ရေးအဖွဲ့၏ တင်ပြချက်များအရ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုး သက်ဆိုင်သူက သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားခြင်း ဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင်-

(က) ငွေကြေးနှင့် ပစ္စည်းများအားလုံးကို လွှဲပြောင်းရယူထားခြင်းဖြစ်ပါက ယင်းငွေကြေးနှင့် ပစ္စည်း များအားလုံးကို ထိုသူအား ထုတ်ပေးရမည်။

(ခ) ငွေကြေး တစ်စိတ်တစ်ဒေသကို လွှဲပြောင်းရယူပိုင်ဆိုင်ထားခြင်း ဖြစ်ပါက ယင်းငွေကြေး တစ်စိတ် တစ်ဒေသကို ထိုသူအား ထုတ်ပေးရမည်။

(ဂ) လွှဲပြောင်းရယူထားသောပစ္စည်း တစ်စိတ်တစ်ဒေသမှာ စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် ပူးတွဲပိုင်ဆိုင် ခြင်းမရှိသည့်အပြင် သီးခြားခွဲထုတ်ရန် လွယ်ကူပါက ထိုပစ္စည်းတစ်စိတ်တစ်ဒေသကို ထိုသူအား ပြန်လည်ထုတ်ပေးရမည်။

(ဃ) လွှဲပြောင်းရယူထားသောပစ္စည်းမှာ စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် ပူးတွဲပိုင်ဆိုင်ပြီး သီးခြားခွဲထုတ် ရန် မလွယ်ကူပါက ယင်းပစ္စည်းကို လေလံတင်ရောင်းချရမည်။ ရောင်းရငွေအနက် ထိုသူ၏ ပိုင်ဆိုင်မှု အချိုးအစားအလိုက် ရထိုက်သည့်ငွေကြေးကို ထိုသူအားထုတ်ပေးပြီး စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ပိုင်ဆိုင်မှုအချိုးအစားငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို နည်းဥပဒေ ၃၂ နှင့် ၃၃ တို့အရ ဗဟိုထိန်းချုပ်ရေးအဖွဲ့က စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူအား ပြန်လည် ပေးအပ်သည့်အခါ သက်သေများ ရှေ့မှောက်တွင် **ပုံစံ (၇)** ဖြင့်ပြန်လည်ပေးအပ်ရမည်။

၃၅။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးများကို အစိုးရအဖွဲ့က သတ်မှတ်သည့် ငွေစာရင်းခေါင်းစဉ်အောက်သို့ ပေးသွင်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း ပြုရမည်။

၃၆။ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ခ) အရ လွှဲပြောင်းပေးသော ပစ္စည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲရမည်။

၃၇။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည်-

(က) တရားမဝင်သော ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်စေရန် ပြုလုပ်သည့် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းထားသောပစ္စည်းကို စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူက တစ်နည်းနည်းဖြင့် လွှဲပြောင်းကြောင်း၊ ဖျောက်ဖျက်ကြောင်း၊ ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။

(ခ) ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားသော ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူက တစ်နည်းနည်းဖြင့် လွှဲပြောင်းကြောင်း၊ ဖျောက်ဖျက်ကြောင်း၊ ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေကြောင်း စစ်ဆေးတွေ့ရှိပြီး ထိုငွေကြေးနှင့်ပစ္စည်းများကိုလည်း ဖော်ထုတ်သိမ်းဆည်း၍ မရရှိပါက ထိုငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်း စစ်ဆေးခြင်းမပြုဘဲ ထိုသူက ထိုငွေကြေးနှင့် ပစ္စည်းတန်ဖိုးကို ပေးလျော်စေရန် အမိန့်ချမှတ်ရမည်။ ထိုသူကပေးလျော်ရန် ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိ သကဲ့သို့အရ ကောက်ခံရန် သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်အား တာဝန်ပေးအပ်နိုင် သည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့ပါ ကျူးလွန်ဖောက်ဖျက်သူတို့အား ဥပဒေပုဒ်မ ၂၆ သို့မဟုတ် ၂၇ အရ အရေးယူရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားနိုင်သည်။

## အခန်း (၁၀)

## ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ

၃၈။ ဗဟိုဘဏ်သည် ဤနည်းဥပဒေများပါ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်း တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ-

(က) မိမိထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ကွပ်ကဲခြင်းတို့ ပြုရမည်။

(ခ) ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ငွေကြေးအသွင်း၊ အထုတ်ပြု လုပ်သည့် မှတ်တမ်းများကိုတင်ပြစေရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အကြောင်းကြားစာပေးပို့ပြီး တောင်းခံနိုင်သည်။

(ဂ) သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုရန်နှင့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ လိုအပ်ပါက မိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့က သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ

တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်သည့်အခါ သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအား လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်၍ ကြီးကြပ်ရမည်။

(ဃ) သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား ဘဏ်နှင့်ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှု နည်းပညာများပေးရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃၉။ သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည်-

(က) ငွေစာရင်းဖွင့်လှစ်သူ၊ ငွေသွင်းငွေထုတ် ပြုလုပ်သူ၊ ငွေလွှဲသူ၏ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် အမှတ်၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်အမှတ်နှင့် ဗီဇာအမှတ်တို့ကို လည်းကောင်း၊ ထိုပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့်ရရှိသော သတင်းအချက်အလက်တို့ကိုလည်းကောင်း အသေးစိတ်မှတ်တမ်းပြုစုထားရှိရမည်။

(ခ) နည်းဥပဒေခွဲ (က) ကို ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အထားနှင့် စာရွက်စာတမ်းများကို ကြည့်ရှု၍ စိစစ်ရမည်။ အချက်အလက်များ မှန်ကန်မှု မရှိကြောင်းတွေ့ရှိလျှင် သို့မဟုတ် မမှန်ကန်သော အမည်ဖြင့် ပြုလုပ်ကြောင်း သံသယရှိလျှင် ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဘဲ ဗဟိုဘဏ်သို့ သတင်းပို့ရမည်။

(ဂ) ငွေစာရင်းများနှင့် မှတ်တမ်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်သည့်နေ့မှ အနည်းဆုံး ၅ နှစ် ကြာသည်အထိ ထိန်းသိမ်းထားရှိရမည်။

(ဃ) ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်သည့် အမိန့်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေရေးကြေး ရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် ယာယီ သိမ်းဆည်းခြင်းနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုရမည်။ ယင်းကဲ့သို့ ခွင့်ပြုရာတွင် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အီလက်ထရောနစ် နည်းပညာအသုံးပြု၍ လျှို့ဝှက်သင်္ကေတ များဖြင့် ဆောင်ရွက်ထားရှိပါက မူလဆိုလိုရင်း အဓိပ္ပာယ်ကို ပြန်လည်ဖော်ထုတ်ပေးရမည်။

(င) စုံစမ်းစစ်ဆေးရေးအဖွဲ့က နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ခ) အရ အပ်နှံထားသည့် ငွေကြေးနှင့် ပစ္စည်းများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်သည့် ညွှန်ကြားချက်နှင့်အညီ လုံခြုံစွာလက်ခံထိန်း သိမ်းထားရမည်။

(စ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ယင်းငွေကြေးနှင့်ပစ္စည်းများကို ထုတ်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းမပြုရ။

(ဆ) စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုရ။

(ဇ) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်သည့် ပြစ်မှုများနှင့် စပ်ဆိုင်သော ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ ငွေကြေးဆိုင်ရာ စုံးစမ်းထောက်လှမ်းရေးအဖွဲ့ကဖြစ်စေ စုံစမ်းစစ်ဆေးသည့်အခါ လိုအပ်သော အကူအညီများ ပေးရမည်။

(ဈ) သတ်မှတ်သည့် အချိန်ကာလအတွင်း မိမိတို့၏ စီမံရေးရာနှင့် လုပ်ငန်းအခြေအနေတို့ကို ဤနည်းဥပဒေများအလို့ငှာ ဗဟိုဘဏ်က သတ်မှတ်ပေးသည့် ပုံစံများဖြင့် ပြည့်စုံစွာပြုစု၍ ဗဟိုဘဏ်သို့ အစီရင်ခံရမည်။ ထို့ပြင်ဗဟိုဘဏ်က သတ်မှတ်ထားသည့်အတိုင်း စာရင်းနှင့်မှတ်တမ်းများကို ပြုစုထားရှိရ မည်။

(ည) ဗဟိုဘဏ်၏ စစ်ဆေးရေးမှူးများနှင့် ဗဟိုဘဏ်က ခန့်အပ်သည့် စာရင်းစစ်များ၏ စစ်ဆေးမှုကို ခံယူပြီး လိုအပ်သော စာရင်းများ၊ မှတ်တမ်းစာအုပ်များနှင့် စာရွက်စာတမ်းများကို ပြသရမည်။

## အခန်း (၁၁)

## အယူခံခြင်းနှင့် ပြင်ဆင်ခြင်း

၄၀။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဗဟိုထိန်းချုပ်ရေး အဖွဲ့ကချမှတ်သည့် အောက်ပါအမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသော စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် ထိုအမိန့်၊ ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်းအစိုးရအဖွဲ့သို့ အယူခံနိုင်သည်-

(က) သက်သေခံပစ္စည်းအဖြစ် ယာယီသိမ်းဆည်းခွင့်ပြုသည့်အမိန့်၊

(ခ) သက်သေခံ ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ တားမြစ်မိန့်၊

(ဂ) သက်သေခံ ငွေကြေးနှင့်ပစ္စည်းများကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်း မပြုသည့်အမိန့်၊

(ဃ) သက်သေခံ ငွေကြေးနှင့်ပစ္စည်းများကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့် အမိန့်ကို ပြန်လည် ရုပ်သိမ်းသည့်အမိန့်၊

(င) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ချိပ်ပိတ်ရန် ညွှန်ကြားချက်၊

(စ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်။

၄၁။ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုး သက်ဆိုင်သူသည် နည်းဥပဒေ ၄၀ အရ အယူခံရာတွင် အယူခံလွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းနှင့် အထောက်အထားများကို ပူးတွဲ၍ တင်ပြလျှောက်ထားရမည်-

(က) ဗဟိုထိန်းချုပ်ရေးအဖွဲ့က ချမှတ်သည့် အမိန့်၊ ညွှန်ကြားချက် မိတ္တူမှန်၊

(ခ) အားကိုးအားထားပြုသည့် သက်သေခံ စာရွက်စာတမ်းများနှင့်အခြား အထောက်အထားများ၊

(ဂ) ရည်ညွှန်းကိုးကားလိုသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ (ရှိလျှင်)။

၄၂။ အစိုးရအဖွဲ့ရုံးသည် အယူခံလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများနှင့် အခြားအထောက် အထားများကို စိစစ်ပြီး ပြည့်စုံပါက အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၄၃။ အစိုးရအဖွဲ့သည် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ချမှတ်သော အမိန့် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိသူ၏ အယူခံလျှောက်ထားချက်အရဖြစ်စေ၊ မိမိသဘောအရ အမှုတွဲတောင်းခေါ်၍ဖြစ်စေ ယင်း အမိန့် ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ လိုအပ်ပါက ပြန်လည်စစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

၄၄။ နည်းဥပဒေ ၄၃ အရ အစိုးရအဖွဲ့က ချမှတ်သောအမိန့်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၂)

## အထွေထွေ

၄၅။ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းသိမ်းဆည်း ခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည်-

(က) သဘောရိုးဖြင့် အဖိုးစားနားပေးပြီး တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း သက်သေ အထောက်အထား ခိုင်လုံစွာတင်ပြနိုင်ပါက ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့် ရရှိစေရမည့်အပြင် သိမ်းဆည်းခံရသော ငွေကြေးနှင့်ပစ္စည်းများကို နည်းဥပဒေ ၃၃ နှင့် အညီ ပြန်လည် ရထိုက်ခွင့်ရှိသည်။

(ခ) သဘောရိုးဖြင့် မဟုတ်ဘဲ အဖိုးစားနားပေး၍ဖြစ်စေ၊ မပေးဘဲဖြစ်စေ တစ်နည်းနည်းဖြင့် လွှဲပြောင်း ရယူထားကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း၊ သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့်လွှဲပြောင်းရယူထားသည်ဟု မမှန်မကန်တင်ပြကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း ဥပဒေ ပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်။

၄၆။ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရှိပြီး ဥပဒေအရ လိုအပ်သည့် အကာအကွယ်ပေးရန် အစီအမံများ ပြုလုပ်ရမည်။ ထို့ပြင် ပြစ်မှုအတိုင်းအတာ ပမာဏအပေါ်မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များအား ဆုငွေချီးမြှင့်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက် နိုင်သည်-

(က) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတင်းပေးသူ၊

(ခ) လျှို့ဝှက် အမာခံသတင်းပေးသူ၊

(ဂ) ပြစ်မှုနှင့်အကျုံးဝင်သော ငွေကြေးနှင့်ပစ္စည်းများကို သိမ်းဆည်းနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရန် ထူးခြားပြောင်မြောက်စွာ စုံစမ်းထောက်လှမ်းသူနှင့် ရှာဖွေဖမ်းဆီးသူများ။

၄၇။ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အတွက် ရှာဖွေမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ တရားစွဲဆို တင်ပို့ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍

ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၈။ (က) ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့ဝင်များအနက်မှ သင့်လျော်သော ပုဂ္ဂိုလ် ၃ ဦးစီ ပါဝင်သည့် ဗဟိုထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့ များ ဖွဲ့စည်း၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ လွှဲအပ်တာဝန်ပေးခြင်း ခံရသော ဗဟိုထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့များသည် မိမိတို့၏ ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ကျင်းပသည့် ဗဟိုထိန်းချုပ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ပုံ) ဗိုလ်မှူးကြီးတင်လှိုင်
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

## ----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာန တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်၊ ရှာဖွေခွင့်၊ သိမ်းဆည်းခွင့်ပြုသည့် အမိန့် [နည်းဥပဒေ ၄ (စ)]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ငွေကြေးနှင့် ပစ္စည်းများ ယာယီသိမ်းဆည်းခြင်းပုံစံ [နည်းဥပဒေ ၄ (ဓ)]

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ (၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာန တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ တားမြစ်မိန့် [နည်းဥပဒေ ၄ (ဈ) ]

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာန တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ကတိခံဝန်ချုပ် [နည်းဥပဒေ ၄ (ဓ)]

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (၅) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာန တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ သတင်းပေးပို့ခြင်း [နည်းဥပဒေ ၉ (က) ]